# ရေအရည်အသွေး သတ်မှတ်ချက်များ

| | |
|---|---|
| **အပူချိန် -**<br>အပူချိန်သည် ငါးများ၏ဇီဝဖြစ်ပျက်မှု၊ ကြီးထွားမှု၊ မျိုးပွားမှုနှင့် ကိုယ်ခံအားစနစ်များ အပေါ်တွင် လွှမ်းမိုးမှုရှိသည်။ | **၂၅ ~ ၃၃**<br>ဒီဂရီစင်တီဂရိတ် (ငါးမျိုးစိတ်ပေါ်တွင်မူတည်သည်) |
| **ရေချဉ်ဖန်နှုန်း -**<br>ရေချဉ်ဖန်နှုန်းသည် ရေ၏ အချဉ်ဓာတ် (သို့) အယ်လ်ကာလီ တို့ကိုညွှန်ပြသည်။ | **၆.၅ ~ ၈.၅** |
| **ရေကြည်နှုန်း -**<br>ရေကြည်နှုန်းသည် ကန်ရေအတွင်းသို့ အလင်းထိုးဖောက်ဝင်ရောက်နိုင်သည့် အခြေအနေကို ဖော်ပြသည်။ | ရေကြည်နှုန်းတိုင်းကိရိယာ -<br>**၁၀ ~ ၁၄ လက်မ** |
| **ပျော်ဝင်အောက်ဆီဂျင် -**<br>ရေတွင်ပျော်ဝင်နေသော အောက်ဆီဂျင်ကို ညွှန်ပြပြီး ငါးများရှင်သန်ရန် အသက်ရှူခြင်းနှင့် အလုံးစုံကျန်းမာရေး အတွက်မရှိမဖြစ် လိုအပ်သည်။ | **၄ ~ ၈**<br>မီလီဂရမ်/လီတာ (ငါးမျိုးစိတ်ပေါ်တွင်မူတည်သည်) |
| **အမိုးနီးယား -**<br>ငါးများ၏ ဇီဝဖြစ်ပျက်မှုနှင့် ဇီဝအခြေခံသော ဒြပ်စင်များဆွေးမြည့် ပျက်စီးခြင်းကြောင့် အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းဖြစ်သည်။ | **၀.၅**<br>မီလီဂရမ်/လီတာ အောက် |
| **နိုက်ထရိုက် -**<br>နိုက်ထရိုဂျင်ဓာတ်တိုးသည့် ဖြစ်စဉ်တွင် အမိုးနီးယားကို ဘက်တီးရီးယားများမှ ဖြိုခွဲလိုက်ခြင်းဖြင့် ထွက်ပေါ်လာသည်။ | **၀.၅**<br>မီလီဂရမ်/လီတာ ထက်မများသင့်ပါ |
| **နိုက်ထရိတ် -**<br>နိုက်ထရိုဂျင်ဓာတ်တိုးသည့် ဖြစ်စဉ်တွင် နောက်ဆုံး ထွက်ပေါ်လာသည့် ရလဒ်ဖြစ်သည်။ ငါးများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ | **၀.၂ ~ ၁၀**<br>မီလီဂရမ်/လီတာ |
| **ဇီဝဗေဒဆိုင်ရာ အောက်ဆီဂျင်လိုအပ်ချက် (BOD) -**<br>ရေထဲရှိ ဇီဝအခြေခံသော ဒြပ်စင်များ ဆွေးမြည့်ပျက်စီးရန် အတွက်လိုအပ်သည့် အောက်ဆီဂျင် ပမာဏကို ကိုယ်စားပြုသည်။ | **၆**<br>မီလီဂရမ်/လီတာ အောက် |

# ကျား/မ တန်းတူညီမျှမှု



အကောင်အထည်ဖော်ထား မေ့စွမ်းအား ပံ့ပိုးနိုင်က အကျိုးများ စွန့်ဦးတီထွင် လုပ်ငန်းတခွင် အမျိုးသမီးများလည်း စွမ်းဆောင်ရှင်။



လက်တွဲအကူ ဇနီးနှင့်အတူ ကျား/မ တန်းတူ တည်ဆောက်ယူ အကြင်နာထား သားသမီးများ သာတူညီမျှ တည်ဆောက်သွား။

# ကျွန်ုပ်တို့ကို မေးမြန်းချင်တာများ (သို့) အကြံပြုချင်တာများ ရှိပါသလား။

တယ်လီဖုန်း/ စာတို/ Viber - ၀၉ ၉၅၅ ၃၀၇ ၀၆၄
(သို့) ကျွန်ုပ်တို့၏စီမံကိန်းဝန်ထမ်းများမှတဆင့်
ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံဆက်သွယ်ရန်တုံ့ဆိုင်းမနေပါနှင့်။

# "ငါး-မြန်မာ" အကြောင်း

"ငါး-မြန်မာ" စီမံကိန်းသည် ရန်ကုန် - ဧရာဝတီတိုင်းဒေသကြီး တလျောက် ငါးမွေးမြူရေးလုပ်ကိုင်ကြသည့် နေရာများတွင် ပိုမိုကောင်းမွန်သော မွေးမြူရေးနည်းလမ်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေမည့် နည်းလမ်းများကို ကျင့်သုံးနိုင်ရန်အတွက် တပိုင်တနိုင်လုပ်ကိုင် နေကြသည့် အိမ်ထောင်စုများ၊ အသေးစား၊ အလတ်စား ငါး၊ပုစွန် မွေးမြူထုတ်လုပ်သူများနှင့် ချိတ်ဆက် ပံ့ပိုးကူညီပေးလျှက်ရှိပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ငါးမွေးတောင်သူများ၏ ကုန်ထုတ်စွမ်းအားတိုးမြင့်လာစေရန်နှင့် အညစ်အကြေးများကို စနစ်တကျစီမံခန့်ခွဲ စွန့်ပစ်နိုင်မည်ဖြစ်ပြီး ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ တလျောက်ရှိ ဂေဟစနစ်တွင် ရေထုညစ်ညမ်းမှုနှင့် ကာဗွန်ထုတ်လွှတ်မှုတို့ကို လျော့ချနိုင်မည် ဖြစ်သည်။

NGA MYANMAR
Nurturing Green Aquaculture in Myanmar
switchasia GRANTS PROGRAMME
Funded by the European Union

# သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်စေမည့် ငါးမွေးမြူရေးစီမံကိန်း (ငါး-မြန်မာ စီမံကိန်း)







Daung Capital
Village Link

# ငါးမွေးမြူရေးလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓိက အခက်အခဲများ




## မကောင်းသည့်အကျိုးဆက်များ

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ဂေဟစနစ်လုပ်ငန်းစဉ်များ အတွက်အနှောက်အယှက်ဖြစ်ခြင်း၊ ရေထုညစ်ညမ်းစေခြင်း၊ အစာကွင်းဆက်ကိုညစ်ညမ်းစေခြင်း၊ မွေးမြူရေးထုတ်ကုန်များလျော့ကျခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဖြစ်ပွားခြင်း



## မသက်ဆိုင်ကြောင်းရှင်းလင်းချက်


ယခုထုတ်ဝေခြင်းသည် ဥရောပသမဂ္ဂ (European Union) ၏ထောက်ပံ့ကူညီမှုဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ စာတမ်းပါ အချက်အလက်များသည် ထုတ်ဝေသူ၏ တာဝန်သာဖြစ်ပြီး ဥရောပသမဂ္ဂ (European Union) ၏ အမြင်များကို ထင်ဟပ်စေရန် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။


# သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန် အထောက်အကူပြုသည့် ငါးမွေးမြူရေးဆိုင်ရာ အဓိက အလေ့အကျင့်များ

## ကန်မြေနေရာရွေးချယ်ခြင်းနှင့် စီမံခြင်း

- မှန်ကန်သော ငါးကန်နေရာကိုရွေးချယ်ပါ။
  - သင့်တော်ပြီး ရေရှည် ရေအရင်းအမြစ်ရနိုင်သည့်နေရာ
  - သင့်လျော်သော မြေမျက်နှာသွင်ပြင်ရှိသော နေရာ
  - သယ်ယူပို့ဆောင်ရေး၊ သွင်းအားစုများနှင့် ဈေးကွက်ဖြန့်ဖြူးရေးတို့အတွက် အလွယ်တကူ လုပ်ဆောင်နိုင်သော နေရာ
- သစ်တော၊ ဒီရေတောကဲ့သို့ သဘာဝနေထိုင်ကျက်စားရာ နေရာများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း။
  - ဖြစ်နိုင်လျှင် ဒီရေတောနှင့် သဟဇာတဖြစ်စေမည့် မွေးမြူခြင်းနည်းလမ်း ကိုထည့်သွင်းစဉ်းစားလုပ်ဆောင်ခြင်း။
  - ငါးနေငါးထိုင်များ ပျက်စီးမှုကို ရှောင်လွှဲ၍မရပါက ငါးနေငါးထိုင်များ အရင်အခြေအနေပြန်လည်ရရှိစေရန် ပြန်လည် လုပ်ဆောင်ခြင်း။
- သင်တော်သည့် ငါးမွေးကန်ပုံစံ နှင့် ကန်တူးဖော်မှု ပြုလုပ်ခြင်း။
  - အနည်ချခြင်းလုပ်ငန်းစဉ် (သင့်တော်သည့် သန့်ရှင်းခြင်းနှင့် အခြောက်ခံခြင်း အပါအဝင်)
  - ရေဝင်၊ရေထွက်ပိုက်ကို **ရေစစ်ဇကာ** တပ်ဆင်အသုံးပြုခြင်း
  - ကန်ပတ်လည်တွင် အကာအကွယ်အဖြစ် ကြားခံနေရာ ထားရှိခြင်း။

## အရင်းအမြစ်များကို အကျိုးရှိရှိသုံးပါ

- ကန်ရေနှင့် အခြားအရင်းမြစ်များကို ပြန်လည်အသုံးပြုခြင်း၊ အသုံးချခြင်းနှင့် လှည့်ပတ်အသုံးပြုခြင်း
- ရေအရည်အသွေးပုံမှန်စောင့်ကြည့်လေ့လာခြင်း
- ရေသန့်စင်သည့်နည်းလမ်းများအသုံးချခြင်း
- သင့်တော်သည့် အစာစီမံခန့်ခွဲ လုပ်ဆောင်ခြင်း။
  - ကောင်းမွန်သည့် ဖော်စပ်စာများကို အသုံးပြုပါ။
  - ရေပေါ်၊ ရေမြုပ်စာများအသုံးပြုပါ။
  - ပုံမှန်မျက်မြင်စစ်ဆေးခြင်းပြုလုပ်ပါ။
  - သဘာဝအစာအသုံးပြုမှုမြှင့်တင်ပါ။
    - သဘာဝမှရရှိသောအစာကိုအသုံးပြုပါ။
    - စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများမှထုတ်လုပ်သောအစာကို အသုံးပြုပါ။
    - ပရိုတင်းရနိုင်သည့် အစားထိုး အရင်းမြစ်များကိုအသုံးပြုပါ။ (ယင်ကောင်နက်၊ အစရှိသည်။)
- ငါးနှင့်အစာအချိုးကိုပုံမှန်စောင့်ကြည့်သုံးသပ်ခြင်း

## ဓာတုပစ္စည်းသုံးစွဲမှုကိုကန့်သတ်ခြင်း

- ပဋိဇီဝဆေးများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးပြုမှုကို ကန့်သတ်ခြင်း
- ထုံးကိုသင့်တော်သည့်ပမာဏ အသုံးပြုပါ
- သဘာဝအစာ (ရေသြဇာ) တက်လာစေရန်အတွက် မြေသြဇာ ကို သင့်တော်သည့်ပမာဏ အသုံးပြုပါ။ (ရေအစိမ်းရောင်ဖြစ်စေသည့် အပင်မျှောလေးများ)

## အညစ်အကြေးများကိုစီမံခန့်ခွဲခြင်း

- ပတ်ဝန်းကျင်သို့ အညစ်အကြေးများ စီးဝင်သည့် သက်ရောက်မှုကို လျော့ကျစေရန်။
- စက်သုံးဆီ၊အင်ဂျင်ဝိုင်များ ယိုစိမ့်မှုမရှိစေရန် လုပ်ထားခြင်း။
- တစ်ခါသုံးပလတ်စတစ်များအစား ပြန်အသုံးပြုလို့ရသည့် အစားထိုးပစ္စည်းများသုံးခြင်း။

## ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို အသုံးချခြင်း

- ထိရောက်သောစွမ်းအင် နည်းပညာများကို အသုံးပြုခြင်း။
- ဆိုလာရေစုပ်စက်ကဲ့သို့ ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကိုအသုံးပြုခြင်း။
- ပြည်ဖြိုးမြဲစွမ်းအင်ပြောင်းလဲ အသုံးပြုနိုင်ရန်အတွက် ရံပုံငွေရရှိနိုင်မည့်အခွင့်အလမ်းများ ရှာဖွေခြင်း။

## ပေါင်းစပ်လုပ်ကိုင်သည့်နည်းစနစ်များကို အသုံးချခြင်း

- အာဟာရစက်ဝန်းနှင့် အညစ်အကြေးစီမံခန့်ခွဲမှုကို မြှင့်တက်လာစေရန် ပေါင်းစပ်မွေးမြူသည့်နည်းလမ်းကို လုပ်ဆောင်ခြင်း။

## တာဝန်ယူမှုရှိသော ငါးသားပေါက် အရင်းအမြစ်များကို ရွေးချယ်အသုံးပြုခြင်း

- ကျူးကျော်မျိုးစိတ်များကိုအသုံးမပြုခြင်း။
- တာဝန်ယူမှုရှိသော ငါးပျိုးကန်/သားပေါက်စခန်းမှ ငါးသန်၊ ငါးမှုံ များကို အသုံးပြုခြင်း။
- ကြီးထွားနှုန်းကောင်း၊ ရောဂါခံနိုင်ရည်ရှိ၊ ငါးနှင့်အစာအချိုးကောင်းသည့် မျိုးငါးများ အသုံးပြုခြင်း။

## ဘက်ပေါင်းစုံပိုးမွှား ကာကွယ်နှိမ်နင်းသည့် နည်းလမ်း များကို ရွေးချယ်အသုံးပြုခြင်း

- ရောဂါဖြစ်ပွားမှုကို စောလျင်စွာသိရှိပြီး ပျံ့ပွားမှု မဖြစ်စေရန် လုပ်ဆောင်ခြင်း။
- သြဇာဓာတ်များပြားခြင်း၊ ရောဂါပိုးမွှားများ စီမံခန့်ခွဲရန် ဇီဝထိန်းချုပ်မှုနည်းလမ်းကို အသုံးပြုခြင်း။
- အနုဇီဝဆေးများ၊ အမျှင်ဓာတ် နှင့် အခြားသဘာဝမှ ရရှိသောဆေးဝါးများကို အသုံးပြုရန်။
- ဘက်စုံပိုးမွှားနှိမ်နင်းသည့်နည်းလမ်းတစ်ခုအနေဖြင့် ဆေးရည်စိမ်သည့် နည်းလမ်း အသုံးပြုခြင်း။